အခန်း (၅)

ပထမပိုင်း - ခြုံငုံသုံးသပ်ချက်

တရားစီရင်ခြင်းကိုစဉ်းစားတဲ့ခရစ်ယာန်တိုင်းဟာ ကြောက်ရွံ့ခြင်း ဆိုတာကို ဂရုတစိုက် နှလုံးသားမှာ သိုမှီးရန်လိုပါတယ်။ ဘုရားသခင်ဟာကောင်းကင်တရားပလ္လင် ပေါ်မှာ လူသားတွေရဲ့ကောင်းတဲ့ ဆောင်ရွက်ချက်တွေကို ချိန်တွယ်နေတဲ့တရားသူကြီးအဖြစ် ပုံဖော်ကြည့်ပါ။ ကောင်းကျိုးပြုမှုနဲ့ ဆိုးတဲ့လုပ်ရပ်တွေဟာ ကွဲကွဲပြားပြားမရှိချိန်မှာ သူတို့ရဲ့ ကောင်းကျိုးဆောင်ရွက်ချက်တွေအလေးသာမယ်ဆိုရင် ကယ်တင်ခြင်း ရမှာဖြစ်ပါတယ်။ ဆိုးတဲ့လုပ်ရပ်တွေအလေးသာမယ်ဆိုရင်တော့ ပျက်စီးဆုံးရှုံးမှာဖြစ်တယ်။

ဒီတစ်ပတ်သင်ခန်းစာမှာတော့ အမှားပြုမိခြင်းကြောင့်သာမက စာတန်ဟာ ဘုရားသခင်ရဲ့ စာရိတ္တတော်ကို မှန်ကန်စွာမဖော်ပြခြင်းကြောင့် တရားစီရင်ခြင်း ခံရမှာ ဖြစ်ကြောင်း လေ့လာသွားမှာဖြစ်ပါတယ်။ စာတန်ဟာ ဘုရားသခင်ကို အငြိုးတေးကြီးတဲ့ တရားသူကြီး၊ အမျက်ဒေါသကြီးပြီးနိုင်လိုမင်းထက်ပြု၍ ဖန်ဆင်းခံရတဲ့လူသားအားလုံးကို သူတို့လွန်ကျူးတဲ့ အပြစ်တိုင်းအတွက် အပြစ်ဒဏ်စီရင်တဲ့ ဘုရားအဖြစ် ပုံဖော်ချင်နေပါတယ်။

ဒီတစ်ပတ်ဥပုသ်စာဖြေသင်ခန်းစာမှာ ကျွန်ုပ်တို့ကိုကယ်တင်နိုင်ရန် လုပ်ဆောင် နိုင်သမျှအရာအားလုံး လုပ်ဆောင်ပေးမယ့် အဆုံးမဲ့မေတ္တာရှင်ဖြစ်တဲ့ ဘုရားသခင် အကြောင်း ဖော်ပြပေးမှာဖြစ်ပါတယ်။ ကျွန်ုပ်တို့ ကောင်းကင်ကိုရောက်ချင်တဲ့ဆန္ဒထက်ပိုပြီး ရောက်စေချင်တဲ့ ဘုရားသခင်ဖြစ်ပါတယ်။ လူသား အားလုံးကို ကယ်တင်ပြီး ကောင်းကင် အိမ်တော်ဝင်စားစေရန်မှာ အမှန်တကယ်ဖြစ်ကြောင်း တရားစီရင်ခြင်းက သက်သေခံလျက်ရှိသည်။ ဘုရားသခင်ရဲ့မေတ္တာတော်ကို ထပ်ခါထပ်ခါငြင်းပယ်သူတွေကတော့ ထိုကောင်းကင် နိုင်ငံ ဝင်စားခွင့်ကိုဆုံးရှုံးပါလိမ့်မယ်။

ကျွန်ုပ်တို့ရဲ့ခရစ်တော် လက်ဝါးကပ်တိုင်ထက်ဖော်ပြတဲ့ ဘုရားသခင်ရဲ့ မကုန်ခမ်းသော မေတ္တာတော်ကိုတုံ့ ပြန်ခြင်း အကျင့်ကောင်းများဟာ တရားစီရင်ခြင်းမှာ အရေးပါသောအရာဖြစ်တယ်။ သခင်ခရစ်တော်ကို ကျွနု်ပ်တို့ဘယ်လောက်ယုံကြည်လည်း ဆိုတာ ကျွနု်ပ်တို့ရဲ့ကောင်းကျိုးပြုမှုများက ပြသလျက်ရှိသည်။ သခင်ခရစ်တော်ရဲ့ ကယ်တင်ခြင်း လုပ်ငန်းစဉ်အားလုံးကိုလက်ခံအသိအမှတ်ပြုခြင်းဟာ ကိုယ်တော်ကဲ့သို့ အမှုတော်ဆောင်လိုသူဖြစ်လာစေပါသည်။

ဒုတိယအပိုင်း - ရှင်းလင်းတင်ပြချက်

''တရားစီရင်တော်မူသောအချိန်ရောက်လာပြီ''လို့ ဗျာဒိတ်ကျမ်းက ကြေညာ ထားပါတယ်။ (ဗျာဒိတ်ကျမ်း ၁၄း၇) တရားစီရင်ခြင်းရဲ့ သဘောသဘာဝနဲ့ အချိန်အတိအကျ ကိုတော့ ဗျာဒိတ်ကျမ်းက မဖော်ပြထားပါဘူး။ ဒါပေမယ့် ဒံယေလကျမ်းမှာတော့ဖော်ပြထား ပါသည်။ ဒံယေလကျမ်းအခန်းကြီး ၇ မှ ၉ အထိဟာ ဗျာဒိတ်ကျမ်း ၁၄း၇နဲ့ ဆက်စပ်မှု ရှိပြီး တရားစီရင်ခြင်းရဲ့ သဘောသဘာဝနဲ့ အချိန် နှစ်ခုစလုံးကို ဖော်ပြထားပါသည်။ အနာဂတ်အကြောင်းရေးသားထားတဲ့ ဒံယေလကျမ်းနဲ့ ဗျာဒိတ်ကျမ်းနှစ်ကျမ်းစလုံး ဆက်သွယ်မှုရှိပါသည်။ဒံယေလကျမ်းကိုနားလည်ရင် ဗျာဒိတ်ကျမ်းကိုနားလည်းရန် ကူညီပေးပါသည်။ ဒံယေလ အခန်းကြီး ၇ မှာ တရားစီရင်ခြင်းသဘောတရားကို ဖော်ပြရာမှာ ဒီကမ္ဘာကြီးရဲ့ အာဏာရှင်ဆန်တဲ့ အုပ်စိုးမှုတန်ခိုးအာဏာကို ခရစ်တော်အောင်မြင်ခဲ့ကြောင်း ဆက်စပ်ဖော်ပြထားပါသည်။ ဒံယေလအခန်းကြီး ၇ အစပိုင်းမှာ ကုန်းပေါ်ထက်လာတဲ့ သားရဲလေးကောင်ဟာ ဘုရားသခင်ရဲ့သားသမီးများကို ဖိနှိပ်ချုပ်ချယ် လျက်ရှိပါသည်။ ဒံယေလ ၇း၁၇၊၂၃ အရ ဒီသားရဲလေးကောင်ဟာ ဘုရင် သို့မဟုတ် နိုင်ငံတွေဖြစ်ပါသည်။ အဓိက ကတော့ ''နိုင်ငံ'' သို့မဟုတ် ''အုပ်ချုပ်သူ'' ဖြစ်ပါသည်။

ကမ္ဘာကြီးကိုအုပ်စိုးရန်စစ်တိုက်ကြပါတယ်။ နောက်ဆုံး ''ချိုငယ်''ရဲ့ ဘာသရေးနဲ့ နိုင်ငံရေး တန်ခိုး ကြီးထွားလာကာ ဘုရာသခင်ရဲ့ပညတ်တော်ကိုပြောင်းလဲပြီး ကမ္ဘာကြီးကို အုပ်စိုးရန်လုပ်ဆောင်ခဲ့ပါသည်။ ကျွန်ုပ်တို့ရဲ့အာရုံစိုက်မှုကို လောကမှ ကောင်းကင်သို့ ပြန်လှည့်လိုက်ပါ။ ကောင်းကင်တရားစီရင်ချိန်တွင် အသက်ကြီးသူ ခမည်းတော်ဘုရားသခင် တည်ရှိပါသည်။ လူသားဖြစ်သော ယေရှုသခင်သည် ခမည်းတော်နှင့် အတူပါဝင်လုပ်ဆောင် ပေးလျက်ရှိသည်၊ ယေရှုက စကြာဝဠာကို အုပ်စိုးသူအဖြစ် တရားစီရင်ခြင်း အချိန်မှာ ဖော်ပြ ပါလိမ့်မယ်။ ''ထိုညဉ့်အခါငါသည်အာရုံပြု၍၊ လူသားနှင့်တူသောသူတစ်ဦးသည် မိုးတိမ်ကို စီးလျက်။ အသက်ကြီးသောသူ၏အထံတော်သို့ရောက်လာ၏။ ထိုသူကိုအထံတော်ပါးသို့ သွင်းကြ၏။ အရပ်ရပ်တို့၌နေ၍ အသီးသီးအခြားခြားသောဘာသာစကားကို ပြောသော လူမျိုးတကာတို့ကို အုပ်စိုးစေခြင်းငှါ၊ ထိုသူသည်နိုင်ငံနှင့် တကွအာဏာစက် တန်ခိုးကိုရ၏။ အာဏာစက်တော်သည် ကမ္ဘာအဆက်ဆက်တည်၏။ နိုင်ငံတော်သည် ပျက်စီးခြင်းသို့ မရောက်နိုင်ရာ'' ဟု ဒံယေလကျမ်း ၇း၁၃မှာဖော်ပြထားပါသည်။ စကြာဝဠာတစ်ခုလုံးရှေ့မှာ သခင်ခရစ်တော်သည် မှန်သောအုပ်စိုးသူဖြစ်ကြောင်း တရားစီရင်ချိန်၌ဖော်ပြတော်မူမည်။ စာတန်ရဲ့နိုင်ငံဟာ နတ်ဆိုးနိုင်ငံ၊ပျက်စီးခြင်း၊ အတ္တကြီးခြင်းနှင့်လှည့်ဖြားတတ်ခြင်းများကို မြင်သာအောင်ဖော်ပြထားသည်။ သုံးပါးပေါင်း ဘုရားသခင်၏ကောင်းကင်နိုင်ငံသည် ကပ်တိုင်အားဖြင့် လူသားအားလုံး ကယ်တင်ခြင်းရနိုင် ကြောင်း ဖော်ပြသည်။ တရားစီရင်ခြင်း၌ချိုငယ်(ပါပရောမ)နဲ့ လောကီတန်ခိုးအာဏာ အားလုံးရှုံ့ချခြင်းခံရမည်။ ဘုရားသခင်၏သား၊ သမီးများသည် တရားစီရင်ခြင်း ခံရမည် မဟုတ်ပါ။ကယ်တင်ခြင်းခံရသူများသည် သခင်ခရစ်တော်ဒုတိယအကြိမ်ကြွလာချိန်၌ နှစ်ပေါင်းတစ်ထောင် သခင်နှင့်အတူ ကောင်းကင်နိုင်ငံ၌ စိုးစံ၍

တရားစီရင်ခြင်းလုပ်ငန်း၌ ပါဝင်ကြရမည်။ သခင်၌သစ္စာရှိသော၊ အမိန့်တော်နာခံသော၊ ကရုဏာတော်ကို ယူတင် ဝတ်ဆင်သောခရစ်ယာန်များအတွက် တရားစီရင်ခြင်းသည် သတင်းကောင်းပင်ဖြစ်သည်။ မကောင်းသတင်း မဟုတ်ပါ။

ဗာဗုလုန်ဘုရင် ဗေလရှာဇာနန်းစံပထမနှစ်၌ ဒံယေလအခန်းကြီး ၇ ကိုရေးသား ခဲ့သည်။ အင်ဒယူး တက္ကသိုလ်ရဲ့ ပါမောက္ခတဖြစ်လည်း ရှေးဟောင်းသုတေသနပညာရှင် ဆီခ် ဖရိုက် ဟွန်းရဲ့ ရေးသားချက်အရ ''ဗာဗုလုန်နိုင်ငံသားတွေဟာ တမလွန်နဲ့ပတ်သက်တဲ့ မြင်ကွင်းတွေကို တွေးပြီးကြောက်တတ်ကြပါတယ်။ သူတို့ရဲ့ ဒုစရိုက်လောကအကြောင်း၊ သေဆုံးသူတွေရဲ့ ရုပ်အလောင်းတွေနဲ့ ပတ်သက်တာတွေ၊ သူတို့ရဲ့မြေနေရာဟာ သဲတွေနဲ့ ပြည့်ပြီး အမှောင်ဖုံးလွှမ်းနေတာတွေ၊ အစားအစာတွေဟာအရသာမရှိ ရေကလည်းသောက် လို့မကောင်း၊ သေဆုံးသူတွေရဲ့ ခန္ဓာကိုယ်ကို ငှွေအောင် ငှက်မွေးတွေနဲ့ဖုံးထားတဲ့ ရိုးရာဓလေ့ စတာတွေ အားလုံးကို ခြုံကြည့်ရင် ရှုပ်ထွေးမှောင်မိုက်နေတယ်ဆိုတာ တွေ့ရပါမယ်။

ညမှာလိုဘဲ မှောင်မိုက်တဲ့အခါ အလင်းလိုအပ်သလို အစားအစာ၊ သောက်သုံးရေ အားလုံးကို နေ ဘုရားကဖြည့်ဆည်းနိုင်တယ်လို့ထင်ကြပါတယ်။ (သာသနာပြုခြင်း၊ ဒီဇင်ဘာလ ၁၉၈၁ စာ ၂၅။ အတွဲ ၅၄၊ စဉ် ၁၂)

တမလွန်အသက်တာတရားစီရင်ခြင်းနဲ့ပတ်သက်လို့ အီဂျစ်လူမျိုးနဲ့ဘေဘီလုန် လူမျိုး တို့အကြား ကွဲပြားတဲ့အမှတ်အသားရှိပါတယ်။ ဘေဘီလုန်လူမျိုးတွေရဲ့ နောက်ဘဝနဲ့ ပတ်သက်တဲ့ ယုံကြည်ချက်ကို အနည်းငယ်သာ ကျွနု်ပ်တို့သိရပြီး အီဂျစ်လူမျိုးတွေကတော့သူတို့ရဲ့ ယုံကြည်ချက်မှတ်တမ်းအများအပြား ထားခဲ့ပါတယ်။ ရှေးဟောင်းအီဂျစ်နိုင်ငံရဲ့ ပိရမစ်ထဲကစာတွေကတစ်ဆင့်၊ အလယ်ခေတ်အီဂျစ်ဘုရင်တွေရဲ့ ခေါင်းတလားမှာရေးတဲ့ စာတွေနဲ့ သေခြင်းစာစောင်မှာ နောင်တမလွန်နိုင်ငံကြောင်း အများအပြားတွေ့ရပါတယ်။

လွန်ခဲ့သော နှစ်ပေါင်းသုံးထောင်ကျော်အချိန်က ရေးသားထားချက်တွေကြောင့် သူတို့ရဲ့ ယုံကြည်မှုကို လေးစားမှု မှာတော့ အပြောင်းအလဲဖြစ်နိုင်ပါတယ်။ အရုပ်နဲ့ရော၊ စာနဲ့ပါ အသေးစိပ်ဖော်ပြချက်မှာ လူတစ်ယောက်ဟာ အသက်သေဆုံးပြီးနောက် စီရင်ချက် မချခင် စစ်ဆေးခြင်းခံရမှာဖြစ်ပါတယ်။ (စာ ၂၇)

နောက်ဘဝအကြောင်းကိုသိရှိနိုင်ရန် အီဂျစ်လူမျိုးတွေရဲ့သေခြင်းမှတ်တမ်းများက ရှင်းလင်းစွာ ဖော်ပြထားပေးပါတယ်။ သေဆုံးသွားသူများရဲ့တမလွန်အခြေအနေများကို ဆုံးဖြတ်ရန် တရားစီရင်ခန်းထဲမှာ အဆုံးအဖြတ်ခံယူရပုံများကို ကောင်းစွာပုံဖော်ထား ပါတယ်။သေဆုံးသွားသူကို စစ်ဆေးဖို့ တရားစီရင်ခန်းမှာ အိုအိုင်းစစ် စောင့်နေပါတယ်။

ချိန်ခွင်လျှာလျော့နေရင်တော့ ဖျက်ဆီးခံရမှာပါ။ ရှည်လျားရှုပ်ထွေးပြီး မိမိကိုယ်ကို ကာကွယ်တဲ့ စကားများကိုတရားစီရင်တဲ့ခန်းမထဲမှာ ရှိတဲ့ အိုအိုင်းစစ်နဲ့အခြားနတ်ဘုရား လေးဆယ့်နှစ်ပါးကို ရဲရင့် ပြတ်သားစွာ လျှောက်ဆိုတဲ့ လျှောက်လဲချက်များကို အဲဒီနတ်ဘုရား တွေဟာသေချာနားထောင်ပြီး

ဆုံးဖြတ်ရခက်တဲ့ အခြေအနေကြုံရတတ်ပါတယ်။ ဒီလိုအခြေအနေမှာ သေဆုံးသူရဲ့နှလုံးသားကို အမှန်တရား (မာအက်) နတ်ဘုရားမရဲ့ အတောင်ပံက အမွေးနဲ့ချိန်တွယ်ပါတယ်။ (''သေလူတို့၏တရားစီရင်ခြင်း'' ရှေးအီဂျစ်စာပေမှ ကောက်နုတ်ချက်)

သေဆုံးသူတစ်ဦးစီရဲ့အကျင့်ဆိုးတွေဟာ ကောင်းမှုကုသိုလ်ထက်လေးပြီး ချိန်ခွင်လျှာ လျော့နေရင်တော့ ဒီလူရဲ့နှလုံးသားကို အငမ်းမရဆာလောင်နေတဲ့ ငရဲ့ခွေးဆီ ပစ်ကျွေးခြင်းခံရပါမယ်။ အီဂျစ်စာတမ်းများမှာ ဖော်ပြထားချက်အရ ဘယ်လူသားမှ နတ်ဘုရားတွေနဲ့ ငြင်းခုံပြီးနိုင်လေ့မရှိပါဘူး။ အီဂျစ်နတ်ဘုရားတွေဟာ စာနာစိတ်ကင်း၊ မေတ္တာကင်းပြီး ပြစ်ထက်စီရင်ဖို့သာ စိတ်ထက်သန်ကြပါတယ်။ ရှေးခေတ် ရုပ်တုကိုးကွယ်ခြင်းရဲ့ တရားစီရင်ခန်းနဲ့ ဒံယေလ၊ ဗျာဒိတ်ကျမ်းတွေမှာ ဖော်ပြထားတဲ့ တရားစီရင် ခန်းတွေကြားမှာ ကွာခြားချက်ကို သတိပြုဖို့အရေးကြီးပါတယ်။

''တရားစီရင်တော်မူသောအချိန်ရောက်လာပြီ''လို့ ဗျာဒိတ်ကျမ်း ၁၄း၇ မှာဖော်ပြထားပါတယ်။ ဒီအချိန်ဟာ ကမ္ဘာကိုတရားစီရင်တဲ့အချိန်သက်သက်မဟုတ်ပဲ၊

စကြာဝဠာတစ်ခုလုံးရှေ့မှာ ဖော်ပြတဲ့ ဘုရားသခင်ရဲ့ မေတ္တာဖြစ်ကြောင်း ဗျာဒိတ်ကျမ်းမှာ ညွှန်းဆိုထား ပါတယ်။ သခင်ခရစ်တော်လက်ဝါးကပ်တိုင်ပေါ်မှာ အသေခံချိန်မှာ စကြာဝဠာ တစ်ခုလုံးက ဘုရားရဲ့မေတ္တာကို တွေ့ရပါတယ်။ လက်ဝါးကပ်တိုင်ထက် ဘုရားသခင်ရဲ့မေတ္တာကို ဖော်ပြနိုင်တဲ့ ကြီးကျယ်ခမ်းနားမှုမျိုးမရှိပါဘူး။ ဘုရားသခင်သည် ချစ်ခြင်းမေတ္တာဖြစ်တော်မူ၏လို့ လက်ဝါးကပ်တိုင်က တံဆိပ်ရိုက်ခဲ့ပါပြီး။

စကြာဝဠာလုံးဆိုင်ရာ အကောင်းအဆိုးတိုက်လှန်ပွဲမှာ မေးခွန်းမေးစရာရှိပြီး အဖြေရရန်လိုအပ်ပါတယ်။ လူသားတစ်ဦးချင်းစီသို့ ဘုရားသခင်ရဲ့မေတ္တာဘယ်လိုရောက်ရှိ နိုင်မလဲ၊ ကိုယ်တော်ရဲ့မေတ္တာကို ရရှိလက်ခံကြောင်း လုံလောက်တဲ့သက်သေရရှိပြီး ကမ္ဘာ လူသားတစ်ဦးစီက ထာဝရအသက် ရရန် ဆုံးဖြတ်ချက်ချနိုင်မလာ၊ လူသားကိုကယ်တင်ရန် ဘုရားသခင်အားလုံးတတ်နိုင်သလာ။ အပြစ်၌ကျဆုံးမှုမရှိသေးတဲ့ကမ္ဘာက လူသားတွေရဲ့ နှလုံးသားထဲမှာ ဘုရာသခင်ရဲ့မေတ္တာတော်ကို သိုမှီးထားပြီး ဤကမ္ဘာလူသားများကိုလည်း ခေတ်အဆက်ဆက်ရွေးနှုတ်ကယ်တင်ခြင်းကို သေချာထိန်းသိမ်းထားခြင်းက လူသားများရဲ့ မေးခွန်းတွေကို ဖြေပြီးသားဖြစ်သွားပါတယ်။

တရားစီရင်ခြင်းအမှုပြည့်စုံချိန်၌ စကြာဝဠာတစ်ခုလုံးဝမ်းမြောက်စွာသီဆို ထားသည်ကား ''အိုထာဝရဘုရား၊ ကိုယ်တော်ကို မကြောက်ရွံ့ဘဲ၊ နာမတော်ကို မချီးမွမ်းဘဲ အဘယ်သူနေရပါအံ့နည်း။ ကိုယ်တော်တစ်ပါးတည်းသာလျှင် သန့်ရှင်းတော်မူ၏။ တရား သဖြင့်စီရင်တော်မူခြင်းအရာတို့သည် ထင်ရှားသည်ဖြစ်၍၊ လူမျိုးအပေါင်းတို့သည်လာ၍ ရှေ့တော်၌ကိုးကွယ်ကြပါလိမ့်မည်ဟုလျှောက်ဆိုကြ၏ (ဗျာဒိတ်ကျမ်း ၁၅း၃-၄) ကယ်တင်ခြင်းခံရသူနှင့် ဆုံးရှုံးသူကြား၊ ရွေးနှုတ်ခံရသူနှင့် လူဆိုးကြား၊ လူအားလုံးသည်

ဘုရားသခင်၏တရားမျှတမှု၊ ဖြောင့်မတ်မှုနှင့် လုပ်ဆောင်ချက်တိုင်သည် မေတ္တာနှင့် ပြည့်စုံကြောင်း အသိအမှတ်ပြု၍ လက်ခံကြသည်။ ကပ်တိုင်ထက်တွင် ဖော်ပြသောမေတ္တာနှင့် ကမ္ဘာ၏နောက်ဆုံးချိန် တရားစီရင်ခြင်း၌ ဖော်ပြသောဖြောင့်မတ်ခြင်းနှစ်ခုစလုံးအားဖြင့် ကမ္ဘာသစ်သည် လုံခြုံမှုရှိလိမ့်မည်။

တတိယအပိုင်း - လုပ်ဆောင်ချက်

ကိုယ်ပိုင်တုံ့ပြန်ချက်။

ဒီတစ်ပတ်မှာ နေ့စဉ်အသက်တာအတွက် ပြည့်ဝသောဝိညာဉ်ရေးသင်ခန်းစာများ ရရှိစေ ပါသည်။ ဒီတစ်ပတ်လေ့လာခဲ့တဲ့သင်ခန်းစာမှာ အဓိကအရေးကြီးတဲ့အချက်ကိုဖော်ပြရရင် ကျွန်ုပ်တို့ အားလုံးဟာ ကမ္ဘာ့သမိုင်းရဲ့ထူးခြားတဲ့အချိန်တစ်ခုမှာ အသက်ရှင် နေရပါတယ်။ အဲဒီအချိန်ကတော့ ဘုရားသခင်ရဲ့ တရားစီရင်တဲ့အချိန်ဖြစ်ပါတယ်။ လူသား အားလုံးရဲ့ကံကြမ္မာကို ဆုံးဖြတ်မှာဖြစ်ပါတယ်။ ဂျူးလူမျိုးတွေရဲ့ တစ်နှစ်တာပြက္ခဒိန်မှာ အပြစ်ဖြေရာနေ့ဆိုတာ တရားစီရင်ရာနေ့ဖြစ်ပြီး ဣသရေလ လူမျိုးတွေမိမိအပြစ်အတွက် နောင်တရပြီး အပြစ်ကိုဝန်ချ၊ စိတ်နှလုံးသားပြုပြင်ပြီး သန့်ရှင်းရာတဲတော်ဝန်း နံဘေးမှာ မိမိအပြစ်လွတ်ခြင်း ခံရရန် စုရုံးရောက်လာရသလို၊ ယနေ့တရားစီရင်တော်မူသော အချိန်ဆိုတာ မိမိအပြစ်ကိုဝန်ချတောင်းပန်ရန်၊ နောင်တရရန်နှင့် အပြစ်ကိုစွန့်ပစ်ရန်ဖိတ် ခေါ်နေခြင်းဖြစ်တယ်။တရားစီရင်ချိန်လို့ဆိုလိုက်တဲ့အခါ ကမ္ဘာ့သမိုင်းရဲ့ အဆုံးပိုင်းမှာ သခင် ခရစ်တော်ကိုလုံးလုံးလျားလျားစိတ်နှလုံးအပ်နှံထားရန် ဘုရားသခင်က လူသားကို အနူးအညွတ်တောင်းဆိုနေခြင်းဖြစ်ပါတယ်။

ဒုတိယအရေးကြီးတဲ့အချက်ကတော့ ခရစ်တော်၌တည်နေရင် တရားစီရင်ခြင်းကို ကြောက်စရာ မလိုပါဘူး။ ကျွန်ုပ်ကိုချစ်သော ဘုရားသခင်၏ကြည့်ရှုစောင့်မမှုသာ ကျွန်ုပ် အတွက်အာမခံချက်ရှိစေသည်။ သခင်ယေရှုသည် တရားသူကြီးသာမက ကျွန်ုပ်အတွက် ချေပပြောဆိုပေးသောရှေ့နေလည်းဖြစ်သည်။ (ယောဟန် ၅း၂၂)(၁ယော၂း၁) လောက တရားခွင်မှာ တရားသူကြီးတစ်ဦးက ရှေ့နေလုပ်ပေးမယ်ဆိုရင် မျှတမှုမရှိတဲ့လုပ်ထုံး လုပ်နည်းဖြစ်ပါလိမ့်မယ်။ သို့သော် ကောင်းကင်တရားစီရင်ခန်းမထဲမှာတော့ ကျွနု်ပ်တို့ကို ကိုယ်တော်ရဲ့နှစ်သက်မြတ်နိုးမှုနဲ့ တိုင်းတာပြီး ဆောင်ရွက်ပါတယ်။ ကိုယ်တော်အလိုရှိလျှင် ကယ်တင်နိုင်ပါတယ်။

တတိယအချက်ကတော့ နောက်ဆုံးအချိန်မှာ သခင်ယေရှုဟာ ချီးမြှောက်ခြင်း ခံရမှာဖြစ်ပြီး စာတန်ရဲ့ သရုပ်မှန်ကို အားလုံးမြင်တွေ့ရမှာဖြစ်ပါတယ်။ဖြောင့်မတ်သူတွေ ကတော့ ရွေးနှုတ်ခြင်းခံရမှာ ဖြစ်ပါတယ်။ ကျွန်ုပ်တို့ရဲ့ အောင်မြင်သူဘုရင်မင်းမြတ်၊ ရွေးနုတ် ဖန်ဆင်းရှင်ကို စကြဝဠာတစ်ခုလုံးက ပြပ်ဝပ် ကိုးကွယ် သူတွေထဲမှာ ပါဝင်မယ်လို့ ဗျာဒိတ်ကျမ်းရဲ့တရားစီရင်ခြင်းကို နားလည်ခြင်းဖြင့် မိမိကိုယ်ကို စိတ်ချစေပါတယ်။

ဆွေးနွေးရန်

၁။ သခင်ယေရှုသည်တရားသူကြီးဖြစ်ပြီး ရှေ့နေလည်းဖြစ်ကြောင်းသိရတဲ့အတွက် သင်ဘယ်လို စိတ်သက်သာရစေပါသလဲ

၂။ ကမ္ဘာ့သမိုင်းရဲ့အဆုံးသတ်တရားစီရင်ခြင်းအချိန်မှာ သခင်ခရစ်တော်ကို အကြွင်းမဲ့ ဆက်ကပ်အပ်နှံခြင်းဆိုတာ ဘာကိုဆိုလိုတာလဲ။